



mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

ငိုင်းရိုင်းဝရေ

ကျွန်တော်တို့
ကလေးဆိုး
မဟုတ်ပါ

ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ
9 782023 000472

mgyoe.com

cover

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၇)

**ပုံနှိပ်မှတ်တမ်း**

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ

ထုတ်ဝေသည့်အကြိမ် ♦ ဒုတိယအကြိမ်၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ ဝလုံး

အတွင်းဒီဇိုင်း ♦ ခိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၈၊ ၀၉ ၈၈၅၀၂၀၀၆၈၊ ၀၉ ၂၆၅၀၂၀၀၆၈

နိုင်းနိုင်းစနေ
ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ / နိုင်းနိုင်းစနေ။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၉၆၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၇) ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ဖိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နှင်းနှင်းဝေနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီဝဿေ၊ | ရိုးရာနှင့်အညာဝေလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တစ္ဆေညာရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လှခိုင် | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နှင်းနှင်းဝေနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စုးရမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | အိမ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမ ဆရာသိန်း |
| ၁၈။ | နှင်းနှင်းဝေနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီဝဿေ၊ | ခေါင်းမြီး |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နှင်းနှင်းဝေနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | ဖိုး | ဖယောင်း၊ ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သမီးရတနာ |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဒိမ် | ဘာညာကွိကွ |
| ၃၁။ | ဝေစီးမွှားရေးတက္ကသိုလ်၊ | ဆူးဖယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီစဝေး | ရှေ့လွန်းပျံ့ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားဒိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာထိ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နွမ်းလျငှက်ငယ် |
| ၄၁။ | အေထူးအောင်အဖွဲ့၏ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နက္ခတ်ကြွေ ဖျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နက္ခတ်မှားတဲ့ ချစ်ခြင်း |
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |

**ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ**
နိုင်းနိုင်းစနေ

စာရိပ်မြိုင်အမှတ်စဉ်(၄၇)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ◆ | စာရေးသူ၏ အဖွင့်အမှာ | ၆ |
| ၁။ | မနှစ်သက်လည်း မြင်အောင် ကြည့်တတ်ပါစေ | ၈ |
| ၂။ | စကားဆုံးအောင် ပြောခွင့်ပေးပါ | ၁၃ |
| ၃။ | ကျွန်မ ကလေးဆိုးတစ်ယောက် | ၁၅ |
| ၄။ | နောက်တစ်ခေါက် ထပ်ဆိုပေးပါ | ၂၇ |
| ၅။ | မေမေ | ၃၇ |
| ၆။ | ဟုတ်ကဲ့ ဆရာမ | ၄၆ |
| ၇။ | လျှို့ဝှက်နံပါတ် (၉) | ၅၈ |
| ၈။ | မိဘကိုလှုပ်နိုးတဲ့ သားသားမီးမီးတို့ရဲ့စကား | ၆၄ |
| ၉။ | တုံးအ,တဲ့စကားလေး ပြောပြီး တုံးအ,တဲ့မေးခွန်းလေး မေးပါ | ၆၇ |
| ၁၀။ | မေမေတစ်ယောက်တည်းပဲ | ၇၂ |
| ၁၁။ | လှပသော လှည့်ဖြားမှု | ၇၅ |
| ၁၂။ | မိမိကိုယ်ကို ရှင်သန်ခြင်း | ၇၉ |
| ၁၃။ | ဝေါလ်လက်ချ်အကျိုးဆက် | ၈၁ |
| ၁၄။ | ဘဝကို ပြောင်းလဲခဲ့တဲ့ လက်ဆောင် | ၈၅ |
| ၁၅။ | စကားထစ်မလေး ပက်တီ | ၈၉ |
| ၁၆။ | စန္ဒရားသင်ခန်းစာ | ၉၂ |


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အဖွင့်အမှာ

ဒီစာအုပ်ကို "ရတနာများနှင့် ဆက်သွယ်ခြင်း" ဆိုပြီး ၂၀၁၁ ခုနှစ်က ထုတ်ဝေခဲ့ပါတယ်။ "ရတနာ" ဆိုတာ ကလေးတွေကို ရည်ညွှန်းတာဖြစ်ပြီး ကလေးငယ်နဲ့ အုပ်ထိန်းသူကြား ဆက်သွယ်တဲ့ စာအုပ်ဖြစ်ပါတယ်။

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေတုန်းက ပေးခဲ့တဲ့ စာအုပ်ခေါင်းစဉ်ဟာ စာအုပ်ပါ အကြောင်းအရာကို သိပ်မပေါ်လွင်စေဘူးလို့ ခံစားရတာမို့ အခု ဒုတိယအကြိမ် ပုံနှိပ်ချိန်မှာ စာအုပ်ခေါင်းစဉ်ကို "ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ" လို့ ပြောင်းလိုက်ပါတယ်။ ဒါကလည်း ပထမအကြိမ်ထုတ်ဝေစဉ်က ကျွန်မ ပေးချင်ခဲ့တဲ့ နာမည်လေးပါ။

လောကဓံရဲ့ရိုက်ပုတ်မှုကို သိပ်မခံရသေးတဲ့ ကလေးငယ်အများစုဟာ ဖြူစင်ရိုးသား အပြစ်ကင်းကြပါတယ်။ တစ်ခါတလေမှာ အုပ်ထိန်းသူ လူကြီးမိဘတွေက ကိုယ့်သားသမီးကို အောင်မြင်ဖြစ်ထွန်းချင်ဇောနဲ့ ချစ်ပေမယ့်လည်း မှားယွင်းတဲ့ ပုံသွင်းမှု၊ လမ်းညွှန်သွန်သင်မှုနဲ့ ပြောဆိုဆုံးမတတ်တဲ့အခါ ကလေးတွေမှာ စိတ်ဒဏ်ရာတွေနဲ့ ပျက်စီးရ၊ ရှင်သန်ကြီးပြင်းရပါတယ်။ တကယ်တော့ "ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ"။

ဒီစာအုပ်မှာပါတဲ့ စာတချို့က မူရင်းရေးသားတဲ့နာမည်တွေပါပြီး တချို့က မပါ,ပါဘူး။ ပထမအကြိမ် ထုတ်တုန်းကတော့ မူရင်းရေးသားသူနာမည်မပါတဲ့

mgyoe.com

 mgyoe.com SAMPLE BOOK 

စာတွေကို ဖတ်ခဲ့၊ ဘာသာပြန်ခဲ့တဲ့ Link လိပ်စာထည့်ခဲ့ပေမယ့် နှစ်တွေကြာလာတဲ့အခါ Link တွေက သေနေခဲ့ပါပြီ။ ဒါကြောင့် တချို့စာတွေမှာ မူရင်းရေးသားသူနာမည် မပါပါဘူး။ ဒီစာအုပ်မှာပါတဲ့ စာအားလုံးက ဘာသာပြန်ဖြစ်ကြောင်း ဒီနေရာကနေ ဝန်ခံအသိပေးပါတယ်။

*ချစ်ခင်လျက်. . .*

နိုင်းနိုင်းစနေ

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# မနစ်သက်လည်း မြင်အောင် ကြည့်တတ်ပါစေ

အတိုင်အတောထူတာ ကလေးတွေရဲ့ သဘာဝဖြစ်တယ်။ သုံးတန်း ကျောင်းသားလေး မောင်ဝေယံက "ပြဿနာကျောင်းသား" လို့ မကြာခဏ အတိုင် ခံရသူ ဖြစ်တယ်။ ကလေးတွေတိုင်တိုင်း မောင်ဝေယံက ခြစည်းရိုးပေါ် တက်လို့၊ တခြားလူကို ခြေထိုးလဲလို့၊ ကျောင်းသူလေးတွေကို စလို့၊ စကပ်လိုက်လှန်လို့. . . ဆိုတာပဲဖြစ်တယ်။

တကယ်လည်း မောင်ဝေယံရဲ့ မတင့်တယ်တဲ့ အပြုအမူတချို့က ကျောင်းသားတွေကို စိတ်ဆိုးစေရုံမက အုပ်ထိန်းသူတွေလည်း ကျွန်မကို အမြဲ လာတိုင်တတ်တယ်။ တိုင်ခံရလည်း မောင်ဝေယံရဲ့ အပြုအမူက ကောင်းမသွားတဲ့ အပြင် ပိုပိုဆိုးလာခဲ့တယ်။ ကျောင်းရှေ့ချောင်းထဲက ဖားတွေကို လည်လိုက်ဖြတ် တဲ့အထိ မောင်ဝေယံ ဆိုးလာခဲ့တယ်။

တခြားလူရှေ့မှာ ဘယ်လောက်ဆိုးဆိုး ကျွန်မရှေ့မှာတော့ မောင်ဝေယံက "လိမ္မာတဲ့ကျောင်းသား" ဖြစ်တယ်။ ကျွန်မ ဘာပြောပြော ယဉ်ယဉ်ကျေးကျေးနဲ့ ခေါင်းငုံ့ နာခံတတ်တယ်။ ဒါပေမဲ့ ကျွန်မ အကြည့်အောက် ပျောက်သွားတာနဲ့ မောင်ဝေယံက "လူဆိုး" ဖြစ်သွားပြန်တယ်။

သာဓကပြရရင် ကျွန်မ စာသင်နေတုန်း သူက စာတွေကို စိတ်ဝင်တစားနဲ့ နားထောင်တတ်တဲ့ "လိမ္မာတဲ့ကျောင်းသား" ပုံစံဖြစ်ပြီး ကျွန်မ ကျောက်သင်ပုန်း

mgyoe.com

mgyoe.com SAMPLE BOOK

လှည့်ဖျက်တာနဲ့ မောင်ဝေယံက အမြင်မတော်တဲ့ အမူအရာတွေနဲ့ ကျောင်းသူတွေကို လုပ်ပြတတ်တယ်။

တစ်နေ့မှာ ကျောင်းသူတစ်ဦးကို မောင်ဝေယံ မဖွယ်မရာ လုပ်ပြလိုက်လို့ ကျောင်းသူရဲ့အုပ်ထိန်းသူပါ ကျောင်းကို ရောက်လာခဲ့တယ်။ မောင်ဝေယံ မိဘကို လည်းခေါ်ပြီး မောင်ဝေယံရဲ့ စိတ်ပိုင်းဆိုင်ရာကို ကျွန်မတို့ ဆွေးနွေးတိုင်ပင်ခဲ့ကြတယ်။

မောင်ဝေယံ မေမေက ငိုပြီး မောင်ဝေယံကို သူ အလိုလိုက်ချစ်ခဲ့တာ မှန်ပေမယ့် မောင်ဝေယံမှာ စိတ်ပိုင်းဆိုင်ရာရောဂါတွေ မရှိနိုင်ကြောင်းပြောတယ်။ နောက်ဆုံး ကျွန်မက မောင်ဝေယံကို ကလေးစိတ်ပိုင်းဆိုင်ရာဆေးရုံမှာ သွားရောက်စစ်ဆေးသင့်ကြောင်း အကြံပေးလိုက်တယ်။ စစ်ဆေးချက်အရ မောင်ဝေယံရဲ့ ဦးနှောက်အောက်ခြေမှာရှိတဲ့ ဟော်မုန်းဆီ သိုမှီထားတဲ့အဆီဖုက ဖွံ့ဖြိုးမှု မညီမျှကြောင်း တွေ့လိုက်ရတယ်။ အဲဒီအတွက် မောင်ဝေယံက ကိုယ့်ရဲ့မဖွယ်မရာ အပြုအမူ၊ အပြောအဆိုကို မထိန်းချုပ်နိုင် ဖြစ်ခဲ့ရတယ်။ ဆေးမှန်မှန်သောက်ရင် တဖြည်းဖြည်း သက်သာလာနိုင်တယ်လို့ ဆရာဝန်က ပြောပါတယ်။

ဒါပေမဲ့ ဆေးသောက်ပြီးတိုင်း မောင်ဝေယံက ခေါင်းကိုက်တယ်ဆိုလို့ သူ့မေမေက မကြည့်ရက်ခဲ့ဘူး။ ဒီလိုနဲ့ ဆေးတွေကို မောင်ဝေယံ မှန်မှန်မသောက်ဖြစ်ဘဲ ဆိုးမြဲဆိုးနေခဲ့တယ်။

တစ်နေ့မှာ မောင်ဝေယံက ဗလာစာအုပ်တစ်အုပ်နဲ့ ကျွန်မဆီ ရောက်လာတယ်။

"ဆရာမ. . . ဆရာမ. . . ခုတစ်လော ကျွန်တော့်အပေါ် ဆရာမ သိပ်စည်းကမ်း မကျပ်သလိုပဲ။ ကျွန်တော့်ကို ဆိုဆုံးမပါ ဆရာမ။ ဆရာမ မဆုံးမရင် နောက်နောင် ကျွန်တော် ပိုဆိုးသွားလိမ့်မယ်။ အဲဒီအချိန်ကျရင် ကျွန်တော်က ဆရာမရဲ့တပည့်ပါလို့ လူတိုင်းကိုပြောမှာနော်"

မျှော်မထားတဲ့ မောင်ဝေယံရဲ့ စကားကိုကြားတော့ ကျွန်မ အသံထွက်ရယ်မိတယ်။

"ကောင်းပြီ မောင်ဝေယံ. . . မင်းကို ဆရာမ ကောင်းကောင်း ဆုံးမမယ်။ ဒါနဲ့ ဒီစာအုပ်က ဘာလုပ်ဖို့လဲ"

"ဒီလိုပါ ဆရာမ. . . ဒီနေ့ကစပြီး ကျွန်တော့်မကောင်းတာကို ကျောင်းသားတွေ လာတိုင်တိုင်း ဒီစာအုပ်မှာ ဆရာမ ကြက်ခြေခတ်တစ်ခု ခြစ်ပေးပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ကြက်ခြေခတ်တစ်ခုရတိုင်း ကျွန်တော့်ကို ဆရာမ တစ်ချက်ရိုက်နိုင်ပါတယ် ဆရာမ"

ဘုရားရေ. . . မောင်ဝေယံက သူ့ကို ပြောဆိုဆုံးမ အပြစ်ပေးဖို့ ကျွန်မဆီမှာ တောင်းဆိုနေပါလား။

သူ့ကို ပြောဆိုဆုံးမဖို့ တောင်းဆိုပေမယ့်လည်း မောင်ဝေယံက ဆိုးမြဲဆိုးနေခဲ့တယ်။ ကျွန်မဆီ ကျောင်းသားတွေ လာတိုင်တိုင်း မောင်ဝေယံဖြစ်နေပြီး တခြားသူတွေကို ဘောင်းဘီချွတ်ပြတာ၊ ခြေထိုးလဲတာကလည်း မောင်ဝေယံပဲ ဖြစ်နေခဲ့တယ်။

တစ်ပတ်တောင် မပြည့်သေးပါဘူး. . . မောင်ဝေယံရဲ့ ဗလာစာအုပ်မှာ ကြက်ခြေခတ်တွေ အခုတစ်ရာ ရှိနေခဲ့ပါပြီ။ ပြောင်းလဲမလာတဲ့ မောင်ဝေယံရဲ့ အပြုအမူတွေကြောင့် ကျွန်မ စိတ်ဆိုးပြီး မောင်ဝေယံကို ခေါ်ပြောခဲ့တယ်။

"မောင်ဝေယံ. . . မင်းရဲ့မကောင်းတာတွေ ဆရာမ ကြက်ခြေခတ်မှတ်ထားတာ အခုတစ်ရာ ရှိနေပြီ။ မင်းကို ဆရာမ အပြစ်ပေးရတော့မယ်"

"ဟုတ်ကဲ့ဆရာမ. . . ကျွန်တော့်ကို အချက်တစ်ရာ ရိုက်နိုင်ပါတယ်"

မောင်ဝေယံက လက်ကိုဆန့်ပြီး အရိုက်ခံတယ်။ ဒါပေမဲ့ မောင်ဝေယံရဲ့ လက်ဖဝါး၊ မောင်ဝေယံရဲ့မျက်နှာကို ကြည့်ပြီး ကျွန်မ တကယ် မရိုက်ရက်ခဲ့ဘူး။

တကယ်တော့ မောင်ဝေယံ. . . မင်းဟာ တုံးအ,သူမဟုတ်ဘဲ ထက်မြက်သူပါ။ ကိုယ်မှားမှန်းသိသိနဲ့ အမှားတွေကို မင်း ဘာကြောင့် ကျူးလွန်ချင်ရတာလဲ။ မင်းရဲ့ မကောင်းတဲ့ အကျင့်စရိုက်တွေကို ပြင်ပြီး မင်းကိုယ်ပေါ်က တခြားလူတွေ ခပ်နှိပ်ပေးထားတဲ့ "လူဆိုး၊ မလိမ္မာ မယဉ်ကျေးတဲ့သူ" ဆိုတဲ့ တံဆိပ်တွေကို ဖြုတ်ချလိုက်ပါ မောင်ဝေယံ. . . ရင်ထဲ ကျွန်မ နာနာကျင်ကျင် ပြောနေမိပါတယ်။

မောင်ဝေယံရဲ့လက်က ကျွန်မ အရိုက်ကိုခံဖို့ လေထဲ မြှောက်ထားဆဲပါပဲ။ အတန်းသားဘက် ကျွန်မလှည့်ပြီး "ဆရာမ စိတ်မကောင်းဘူး။ ပထမတန်းကနေ အခု တတိယတန်းအထိ မင်းတို့လာတိုင်လိုက်တိုင်း မောင်ဝေယံ ဟိုဟာလုပ်လို့၊ မောင်ဝေယံ ဘာလုပ်လို့ဆိုတာချည်းပဲ။ 'ကြက်ခြေခတ်' ဖို့အတွက်ပဲ လာတိုင်ကြတယ်။ မောင်ဝေယံမှာ 'အမှန်' ပေးဖို့အတွက်တောင် မရှိကြတော့ဘူးလား"

ကျွန်မစကားကြောင့် တစ်ခန်းလုံး တိတ်ဆိတ်သွားတယ်။ ငါးစက္ကန့်လောက် ကြာတော့ ကျောင်းသားတစ်ဦးက "ဆရာမ. . . ဆရာမ မောင်ဝေယံကို အမှန်ပေးလို့ ရတယ်။ ဟိုတစ်နေ့က ကျွန်တော့်ကို သူရောင်စုံခဲတံ ပေးငှားသေးတယ်"

တဆက်တည်းမှာပဲ မောင်ဝေယံရဲ့ အနိုင်ကျင့်တာကို အမြဲခံရတဲ့

mgyoe.com SAMPLE BOOK

ကျောင်းသူတစ်ဦးကလည်း ထရပ်ပြီး "ဆရာမ. . . ခုန ကျောင်းဆင်းတုန်းက ကျွန်မလဲအောင် မောင်ဝေယံ ခြေထိုးသေးတယ်။ ဒါပေမဲ့ ကျွန်မလည်း အနား ရောက်ရော သူ့ခြေကို ပြန်ရုတ်လိုက်တယ်။ ဒီတစ်ခေါက် ကျွန်မ မလဲခဲ့ဘူး ဆရာမ"

"ဟုတ်တယ်. . . တပည့်တို့။ မောင်ဝေယံမှာ ကောင်းကွက်တွေ အများကြီး ရှိနိုင်သေးတယ်။ သူ့ကို အမှန်တွေအများကြီး ပေးနိုင်သေးတယ် မဟုတ်လား။ ဆရာမ သူ့ကို ကြက်ခြေခတ်တစ်ရာ ပေးပြီးပြီ။ သူ့ကို အချက်တစ်ရာ ဆရာမ ရိုက်လို့ရပေမယ့် ဆရာမ သူ့ကို မရိုက်ရက်ဘူး။ သူ့ရဲ့ကောင်းကွက်လေးတွေကို တပည့်တို့ ထပ်စဉ်းစားကြပါဦး။ မောင်ဝေယံရဲ့ ကောင်းကွက်နဲ့ သူဘာတွေ ကောင်းအောင် လုပ်ခဲ့ဖူးလဲ။ တပည့်တို့ စဉ်းစားကြပြီး အမှန်တစ်ခုပေးတိုင်း ကြက်ခြေခတ် တစ်ခု ဖျက်တဲ့နည်းနဲ့ မောင်ဝေယံကို ဆရာမတို့ ကယ်တင်ကြရအောင်"

ကျွန်မပြောပြီး ခဏအကြာမှာ ကျောင်းသားတွေ အလုအယက် ဝိုင်းပြောကြတယ်။

"ဆရာမ. . . မောင်ဝေယံ ကျွန်တော့်ကို ဟင်းခူးပေးတယ်"

"ဆရာမ. . . မနေ့က မောင်ဝေယံ ကျွန်တော်ကို နွားနို့ယူပေးတယ်"

"ဆရာမ. . . အရင်တစ်ပတ်က မောင်ဝေယံ အမှိုက်ပစ်ကူတယ်"

"ဆရာမ. . . မနေ့က မောင်ဝေယံ အိမ်သာဆေးကူတယ်"

"ဆရာမ. . ."

အဲဒီစာသင်ချိန်မှာပဲ ကျောင်းသားတွေက မောင်ဝေယံရဲ့ ကောင်းကွက်ကို လက်မြှောက်လိုက်၊ ပြောလိုက်နဲ့ "အမှန်" တွေ ဝိုင်းပေးခဲ့ကြတယ်။ ကျောင်းဆင်းခါနီးမှာ "အမှန်တစ်ရာခု" ကို မောင်ဝေယံရခဲ့ပြီး "ကြက်ခြေခတ်တစ်ရာခု" ကို ချေဖျက်နိုင်ခဲ့တယ်။

ကျွန်မရှေ့ ရပ်နေတဲ့ မောင်ဝေယံရဲ့ ငိုမဲ့မဲ့မျက်နှာလေးက ခုတော့ ပြုံးနိုင်ခဲ့ပါပြီ။ ဒါပေမဲ့ သူ ငိုခဲ့ပါတယ်။ သူ စနောက်ခဲ့ဖူးတဲ့ ကျောင်းသားတွေရဲ့ မေတ္တာကြောင့် ဝမ်းသာတဲ့မျက်ရည်တွေ သူ့ပါးပြင်ပေါ် စီးကျခဲ့ပါတယ်။ ဆေးတွေ မှန်မှန်သောက်ပြီး လိမ္မာသူတစ်ယောက်ဖြစ်ဖို့ ကြိုးစားမယ်လို့ မောင်ဝေယံ ဆုံးဖြတ်လိုက်တယ်။

"မျက်စိနဲ့ အနီးဆုံးနေရာက ဘယ်နေရာလဲ" လို့ ကျွန်မကို လူတွေ မေးခဲ့ဖူးတယ်။ အဖြေက "မျက်တောင်မွေး" ဆိုတာကို ကျွန်မ စဉ်းစားမရခဲ့ဘူး။ မျက်တောင်မွေးဟာ မျက်စိနဲ့ အနီးဆုံးနေရာမှာရှိပြီး ကျွန်မတို့ မမြင်နိုင်ခဲ့ကြဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုပဲ ကျွန်မတို့ဘေးအနားက ကျွန်မတို့နဲ့ အရင်းနှီးဆုံးလူတွေရဲ့ ကောင်းကွက်ကို ကျွန်မတို့ မမြင်တတ်ခဲ့ကြဘူး။

အထက်ဇာတ်လမ်းထဲကလို မောင်ဝေယံရဲ့ ဆိုးကွက်ကိုပဲ တခြားကျောင်းသားတွေ တွေ့ခဲ့ကြတယ်။ အပြစ်ပေးခါနီး ဆရာမရဲ့ လမ်းညွှန်ပြသမှုကြောင့် မောင်ဝေယံရဲ့ ကောင်းကွက်တွေကို သူတို့ သတိပြုခဲ့မိကြတယ်။ မောင်ဝေယံမှာလည်း "အမှန်တွေတစ်ရာ" ရှိကြောင်း သူတို့တွေ့ခဲ့ကြတယ်။

သွန်သင်ဆုံးမှုဆိုတာ "အမှောင်" ကို အတင်းအဓမ္မဖိနှိပ်တဲ့ဘက်က မဟုတ်ဘဲ ဉာဏ်ဖွံ့ဖြိုးဖို့ ကြိုးစားကူညီတဲ့ "အလင်း" ဘက်ကဖြစ်တယ်။ သူတစ်ပါးရဲ့ဆိုးကွက်ကိုပဲ ကြည့်ပြီး ကြက်ခြေခတ်တစ်ရာ ပေးဖို့ ကြိုးစားသူရဲ့ရင်ထဲမှာလည်း နာကျင်မှုအမှောင်တွေပဲ ရှိပါတယ်။ တကယ်တော့ ကျွန်မတို့က "မနှစ်မြို့လည်း ချီးကျူးတတ်ဖို့"၊ "သူ့ကို မနှစ်သက်လည်း သူ့ကောင်းကွက်တွေ ရှာတတ်ဖို့"သင်ယူသင့်ပါတယ်။

တစ်ခါတလေမှာ "ကျောင်းသားဆိုး" တွေကို ဆရာတွေ မနှစ်သက်တတ်ကြသလို "ကလေးဆိုး" ကိုလည်း လူတွေ မနှစ်မြို့တတ်ကြပါဘူး။ အဲဒီအချိန်ကျရင် စိတ်ကို တည်ငြိမ်အောင်ထားပြီး တစ်ဘက်လှည့်အတွေးနဲ့ သူ့ကောင်းကွက်ကို ရှာကြည့်ပါ။ အတွေးတွေ လည်ပတ်နေသရွေ့ "အမှန်တစ်ခု" ကို တွေ့လာနိုင်ပါလိမ့်မယ်။

ကလေးတွေကို "ဆန့်ကျင်၊ ငြင်းဆန်" တဲ့အကြည့်မျိုးနဲ့ ကျွန်မတို့ တစ်ချိန်လုံး မကြည့်သင့်သလို "ဝေဖန်၊ အပြစ်တင်" တဲ့ စကားမျိုးလည်း အမြဲ မပြောသင့်ပါဘူး။

ဆန့်ကျင်၊ ငြင်းဆန်တဲ့အကြည့်တွေကြားမှာ ကလေးငယ်တွေက မိမိကိုယ်ကို ယုံကြည်မှုမဲ့တာတွေ သင်ယူနိုင်ပါတယ်။ ဝေဖန်၊ အပြစ်တင်တဲ့ အပြောတွေကြားမှာ ကလေးငယ်တွေက စိတ်ပျက်၊ ဝမ်းနည်းမှုတွေကို သင်ယူနိုင်ပါတယ်။ ကူညီ၊ ဖေးမ၊ အားပေးတဲ့အပြောတွေက ကလေးငယ်တွေကို ယုံကြည်မှု တိုးစေပြီး ချီးကျူး၊ ချီးမွမ်းမှုက ကလေးငယ်တွေကို မေတ္တာနဲ့ ကျေးဇူးတရားအကြောင်း သိနားလည်စေပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## စကားဆုံးအောင် ပြောခွင့်ပေးပါ

ပုံပြင်လေးတစ်ပုဒ်က ဒီလိုဆိုပါတယ်။

ငါးနှစ်အရွယ် သားငယ်ကို မိခင်ဖြစ်သူက "သား. . . သားနဲ့မေမေတို့ အပြင်ထွက်လည်ကြတဲ့အချိန် မေမေတို့ ရေအရမ်းငတ်ပြီး ရေဘူးလည်း မပါခဲ့ဘူး ဆိုပါစို့။ ဒါပေမဲ့ သားလွယ်အိတ်မှာ ပန်းသီးနှစ်လုံး ရှိနေခဲ့တယ်ဆိုရင် သား ဘာလုပ်မလဲ" လို့ မေးတယ်။

"ပန်းသီးနှစ်လုံးကို သား တစ်ကိုက်စီ ကိုက်ပစ်မယ်" သားက ခေါင်းလေး စောင်းပြီး စဉ်းစားရင်း ပြန်ဖြေတယ်။

သားအဖြေက မိခင်ဖြစ်သူကို မျှော်လင့်ချက်မဲ့စေတယ်ဆိုတာကို မပြော လည်း သိကြပါလိမ့်မယ်။ မိခင်က တခြားမိဘတွေလို သားကို အပြစ်တင်စကား ပြောမယ်၊ နောက်ပြီး သားကို ဘယ်လိုလုပ်သင့်တယ်လို့ ပြောဆိုဆုံးမမယ်လို့ စိတ်ကူးပြီး စကားစဖို့ ပြင်တယ်။ ဒါပေမဲ့ စကားမစခင် မိခင်က ရုတ်တရက် အကြံ ပြောင်းသွားပြီး သားမျက်နှာကို ပွတ်သပ်ရင်း ပြန်မေးတယ်။

"သား. . . ဘာဖြစ်လို့ သား ဒီလိုလုပ်ရသလဲဆိုတာ မေမေကို ပြောပြ နိုင်မလား"

"ဟို. . . ဟို မေမေ့ကို အချိုဆုံးတစ်လုံး ပေးမလို့ပါ"

သားက မျက်လုံးလေး ပုတ်ခတ် ပုတ်ခတ်နဲ့ အပြစ်ကင်းကင်း ပြန်ဖြေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မိခင်ရဲ့မျက်လုံးအိမ်မှာ ဝမ်းသာတဲ့မျက်ရည်တွေ လက်ခနဲ ထသွားတယ်။ အဲဒီမိခင်ကို ကံကောင်းတဲ့မိခင်လို့ မြင်မိတယ်။ ဘာဖြစ်လဲဆိုတော့ သူ့ရဲ့ယုံကြည်ခွင့်လွှတ်စိတ်နဲ့ သားရဲ့အချစ်ကို ခံစားခဲ့မိလို့ဖြစ်တယ်။ သားကိုလည်း ကံကောင်းသူအဖြစ် မြင်မိတယ်။ စကားကို ဆုံးအောင် ပြောခွင့်ပေးတဲ့မိခင်ကြောင့် သူ့ရင်ထဲက ရိုးသားမှုတွေကို ထုတ်ဖော်ခွင့်ရလိုက်လို့ ဖြစ်တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကျွန်မ ကလေးဆိုးတစ်ယောက်

ဒီနေ့ ရာသီဥတု မသာယာဘူး၊ လေကြီးမိုးကြီး လာနိုင်တယ်လို့ မနေ့ည မိုးလေဝသမှာ ကြေညာတယ်။ ဒါကြောင့် ဒီမနက် ကောင်းကင်တစ်ခုလုံး အုံ့မှိုင်းနေတယ်။ လေထုထဲက ရေပုလဲလေးတွေက ကြွေကျလာဖို့ အကောင်းဆုံးအချိန်ကို စောင့်နေကြပုံရတယ်။ ဒုတိယအချိန် အတန်းဆင်းတော့ ပြတင်းပေါက်ကတစ်ဆင့် အပြင်ကို ကျွန်မ ငေးနေမိတယ်။ မိန်းမသဘာဝ ဓမ္မတာကြောင့်လား မသိ ကျွန်မစိတ်က အပြင်က ရာသီဥတုလိုပဲ ထိုင်းမှိုင်းလို့နေတယ်။ တတိယအချိန်မှာ အားကစားနည်းပြဆီ ခွင့်တောင်းပြီး စာသင်ခန်းထဲမှာပဲ ကျွန်မ မှောက်အိပ်နေလိုက်တယ်။ ဒါပေမဲ့ ဗိုက်အောင့်လို့ အိပ်မပျော်ပါဘူး။ နာကျင်ကိုက်ခဲတိုင်း ဆေးမသောက်ရဘူးလို့ အမေ ပြောဖူးလို့ ကျောင်းဆေးပေးခန်းသွားမယ့် စိတ်ကူးကို ကျွန်မ ဖျက်လိုက်တယ်။ ပြတင်းပေါက်ဘောင်ပေါ် မှီပြီး အပြင်က မည်းပြာပြာကောင်းကင်ကိုပဲ ငေးကြည့်နေတာကောင်းမယ်။ အရောင်စုံတောက်ပတဲ့ လောကက ကျွန်မအတွက် မျက်စိစူးနေခဲ့လို့ ဒီလိုမြင်ကွင်း၊ ဒီလိုရှုခင်းမျိုးက ကျွန်မနဲ့အလိုက်ဖက်ဆုံးလို့ ကျွန်မ ထင်တယ်။

ရာသီဥတုက တစ်နေ့လုံး ပျင်းရိခြောက်ကပ်လို့နေတယ်။ မိုးက ရွာမှဖြစ်ဝုန်းဒိုင်းရွာလိုက်စမ်းပါ၊ ဒီလိုအခြေအနေမျိုးက ပူအိုက်လှတယ်လို့ အတန်းသားတချို့က မိုးနတ်မင်းကို ကျိန်ဆဲကြတယ်။ ဒီအတွက် စာသင်ရတာကို ဘယ်သူမှ

mgyoe.com SAMPLE BOOK

စိတ်ဝင်တစား မရှိကြဘူး။ "ဒီနေ့ ကျောင်းမတက်သင့်ဘူး" လို့ တချို့က ပြောတယ်။ ဒါပေမဲ့ နေ့လယ်ထမင်းစားချိန် ရောက်တော့ အားလုံးက လှုပ်ရှလာကြတယ်။ ရီရီက ထမင်းစားဖို့ လွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ယူတော့ ပိုက်ဆံတွေ ပျောက်နေတာ တွေ့လိုက်တယ်။ အားလုံး ဝိုင်းရှာပေးကြပေမယ့် မတွေ့ခဲ့ဘူး။ ဆရာမ သိတော့ အတန်းသားအားလုံးရဲ့ လွယ်အိတ်နဲ့ထိုင်ခုံကို စစ်မယ်လို့ ပြောတယ်။ ဒါကို ကျွန်မ သိပ်ဘဝင်မကျဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ လွယ်အိတ်ထဲမှာ ဖတ်စာအုပ်နဲ့ ဗလာစာအုပ် တစ်အုပ်စီပဲ ရှိလို့ပါ။ ဒါက အထက်တန်းကျောင်းသူ တစ်ဦး ရှိသင့်တဲ့ လွယ်အိတ် မဟုတ်ဘူး။

"ဘာဖြစ်လို့ လွယ်အိတ်စစ်မှာလဲ" အသံနိမ့်နဲ့ ကျွန်မ မကျေမနပ် ရွတ်မိတယ်။ ဒါကို ဘေးမှာထိုင်တဲ့ စုစု ကြားဖြစ်အောင် ကြားသွားပြီး ကျွန်မကို တစ်ချက်ကြည့်ပြောတယ်။

"ဒီလိုမှ မစစ်ရင် သူခိုးကိုဘယ်မိမလဲ။ ငါတို့ အပြစ်မဲ့တယ်ဆိုတာကို ဘယ်လိုသက်သေပြမလဲ။ မခိုးရင် ကြောက်စရာမလိုဘူး။ ဘာလဲ. . . နင် ကြောက်နေတာလား"

သူ့မျက်လုံးအစုံက ကျွန်မမျက်နှာပေါ် ရစ်ဝဲနေတယ်။ အဲဒီလိုအကြည့်က လူကို ရွံ့ရှာစေတယ်။ မှေးစင်းတဲ့မျက်လုံးက လူကို မယုံသင်္ကာဟန်နဲ့ အပ်ယှူပြီး သူ့မျက်ခွံနှစ်ခုကို ကျွန်မ ချုပ်ပစ်လိုက်ချင်မိတယ်။

"ဟား. . . ဘာလို့ ကြောက်ရမှာလဲ"

သူ့ကို ခပ်စူးစူးတစ်ချက် ကျွန်မ စိုက်ကြည့်ပြီး ဆရာမ အစစ်ဆေးကို စောင့်နေလိုက်တယ်။ အားလုံးကို စစ်ဆေးပေမယ့် တရားခံကို မမိခဲ့ဘူး။ ရီရီကို မနက်ကျောင်းလာတုန်းက ပိုက်ဆံ ယူ,မယူခဲ့ သေချာစဉ်းစားကြည့်ဖို့ ဆရာမက ပြောတယ်။

"ကျွန်မ သေချာမှတ်မိတယ်။ ကျွန်မ ယူလာတယ်။ ပထမအချိန်ပြီးတော့ ကျွန်မ ကြည့်သေးတယ်"

ရီရီပြောအပြီး အတန်းသားတွေက တစ်ယောက်တစ်ပေါက် ပြောဆိုကြတယ်။ အားကစားအချိန်မှာ ကစားရင်း ပိုက်ဆံကျသွားတာလား။ စာတွေကျက်လွန်းလို့ ပိုက်ဆံကို ဘယ်နားထားမှန်းမသိ မူးကြောင်သွားပြီလား။ ဒါမှမဟုတ် မနက်စာ ငွေထုတ်ရှင်းချိန် ကျခဲ့တာလား။ ထင်မြင်ချက်တွေများပေမယ့် ရီရီ့ပိုက်ဆံက ရှာမတွေ့ခဲ့ဘူး။ အားလုံးက ရီရီ့ဘေးမှာ ဝိုင်းအုံပြီး သူတစ်မျိုး၊ ငါတစ်မျိုးနဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပြောဆိုနေကြတယ်။ ကျောင်းစာက စိတ်ဝင်စားဖို့ မကောင်းလို့ထင်ပါရဲ့. . . ဒီလိုကိစ္စသေးလေးကို အချိန်အကြာကြီး ဆွေးနွေးနေကြတယ်။ ဗိုက်ကိုနှိပ်ပြီး စားပွဲခုံပေါ် ကျွန်မ မှောက်အိပ်နေလိုက်တယ်။ ထမင်းလည်း မစားချင်ခဲ့ဘူး။ ကျွန်မ တစ်ကြိမ်၊ နှစ်ကြိမ် ခေါင်းထောင်ကြည့်တော့ ကျွန်မကို ကြည့်နေတဲ့ စုစုရဲ့ အကြည့်နဲ့ သွားတိုးတယ်။ ဗိုက်အောင့်လွန်းလို့ ကျွန်မကို အကဲခတ်ကြည့်နေတဲ့ သူ့မျက်လုံးကို "ဘာကြောင့်လဲ" လို့ မေးဖို့ ကျွန်မ စိတ်မပါခဲ့ဘူး။ ခါတိုင်းလည်း သူကို ကျွန်မ စကားမပြောချင်ခဲ့ဘူး။ နောက်သလို ပြောင်သလိုနဲ့ ကျွန်မကို သူ အမြဲ လှောင်ရယ်တတ်တယ်။ အတန်းသားတော်တော်များများ သူ့အကျင့်ကို မကြိုက်ကြဘူး။ အဲဒီထဲမှာ ကျွန်မလည်း တစ်ယောက်အပါအဝင်ဖြစ်တယ်။

"မေ. . . ဒီကိစ္စ နင့်ကို ပြောသင့်လား မပြောသင့်လား မသိဘူး"

နေ့လယ်တစ်ချိန်နားတော့ သူငယ်ချင်း လွင်လွင်က အိမ်သာတံခါးရှေ့ ကနေ ကျွန်မကို လှမ်းပြောတယ်။

"ပြောလေ၊ ငါတို့က သူငယ်ချင်းကောင်းတွေပဲ၊ နင်ဘာဖြစ်တယ်ဆိုတာ ဖုံးကွယ်မထားနဲ့ ငါ့ကိုပြောပြ"

"အတန်းထဲက လူတွေပြောနေကြတယ်။ အားကစားအချိန်မှာ နင် နေမကောင်းဘူးဆိုပြီး အတန်းသွားမတက်ခဲ့ဘူး၊ ဆေးခန်းလည်း သွားမပြခဲ့ဘူး။ ဒါကြောင့် ရီရီ့ပိုက်ဆံကို နင် ခိုးတယ်လို့ ထင်နေကြတယ်"

ကျွန်မမျက်နှာ ချက်ချင်းပြောင်းသွားတယ်။ ငါးတန်းနှစ်ကအဖြစ်ကို ကျွန်မ ပြန်သတိရလိုက်တယ်။ အဲဒီတုန်းက အခန်းထဲက ကောင်မလေးတစ်ယောက် ပိုက်ဆံပျောက်သွားပြီး သူ့ပိုက်ဆံကို ကျွန်မ ခိုးတယ်လို့ တပ်အပ်စွပ်စွဲခဲ့တယ်။ ဆရာမက ကျွန်မကို စစ်မေးခဲ့တယ်။ ကျွန်မ မယူဘူးဆိုတာကို ဆရာမလည်း မယုံခဲ့ဘူး။ ကျွန်မကို ရုံးခန်းခေါ်ပြီး သူခိုးပုံပြင်တွေပြောပြီး ဆုံးမခဲ့တယ်။ ကျွန်မ မအ,ပါဘူး။ ဆရာမလည်း ကျွန်မကို သူခိုးလို့ ထင်နေပြီဆိုတာကို ကျွန်မ သိလိုက်တယ်။ ပုံပြောနေတဲ့ဆရာမကို ကျွန်မ ခပ်စူးစူး စိုက်ကြည့်နေလိုက်တယ်။ ဒါကို ဆရာမက ပြောရင်း စိတ်တိုလာပြီး ကျွန်မကို ဝန်ခံရဲတဲ့သတ္တိ မရှိဘူး၊ ဆရာမကို မလေးစားဘူးဆိုပြီး ဆူတယ်။ ရုံးခန်းထဲက ဆရာမတချို့လည်း ကျွန်မကို "ဆိုဆုံးမ" တဲ့ တာဝန်ထဲ ဝင်လာကြတယ်။

"အမှားလုပ်တာက ကြောက်စရာ မကောင်းဘူး။ ကြောက်စရာကောင်းတာက ဝန်မခံရဲတာပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

"လုပ်ရဲရင် ခံရဲရမယ်"

"အိမ်မှာ ငွေလိုလို့လား။ ဆရာမကိုပြော ဆရာမ ကူညီမယ်"

ဆရာမတစ်ယောက်က ဒဲ့တိုးပြောတယ်။

"ကျွန်မ မခိုးဘူးဆို မခိုးဘူး"

ကျွန်မ အော်တော့ အဲဒီဆရာမက ကျွန်မပါးကို လှမ်းရိုက်တယ်။

နောက်ဆုံး အမေကို ကျောင်းခေါ်ဖို့ သူတို့ကြိုးစားကြတယ်။ ကျောင်းကို အမေလာမှာ ကျွန်မ အကြောက်ဆုံးပဲ။ တခြားကျောင်းသားတွေရဲ့ အမေက ငယ်ရွယ်ပြီး လှလှပပ ဝတ်စားကြတယ်။ ဒါပေမဲ့ ကျွန်မအမေက အသက် ၅၀ ကျော်နေပြီ။ အဖေစွန့်ပစ်ခဲ့ကတည်းက နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ပင်ပန်းခြင်းနဲ့ မောင်နှမ ခြောက်ယောက်ကြားမှာ အမေ ရှင်သန်ခဲ့ရတယ်။ ဒီကြားထဲ ရောဂါထပ် ရတော့ အဲဒီရောဂါက အမေ့ကို အသက် ၁၀ နှစ် ပိုအိုသွားစေခဲ့တယ်။ ရောဂါ ပျောက်သွားပေမယ့် ပင်ပန်းတဲ့အလုပ်တွေ မလုပ်နိုင်ခဲ့လို့ စားသောက်ဆိုင်တစ်ဆိုင် မှာ အမေ ပန်းကန်ဝင်ဆေးခဲ့ရတယ်။ အမေရတဲ့လုပ်အားခက ကျွန်မတို့အတွက် မလုံလောက်ခဲ့ဘူး။ အစိုးရထောက်ပံ့ကြေးနဲ့ အိမ်နီးချင်းတွေရဲ့ ကူညီမှုကြောင့် ကျောင်းနေ့လယ်စာကို ကျွန်မတို့ အခမဲ့ စားခွင့်ရခဲ့တယ်။ လူတွေကို ကျေးဇူးတင် သင့်တယ်ဆိုတဲ့ အမေ အမြဲပြောတဲ့ ဆုံးမစကားကြောင့် သိမ့်ငယ်ခြင်းနဲ့ ကိုယ့်ကိုယ် လေးစားခြင်းကြားမှာ ကျွန်မ နာကျင်ကြေကွဲခဲ့ရတယ်။

ဆရာမပြောတာတွေ နားထောင်ပြီး တုန်ယင်တဲ့လက်နဲ့ ကျွန်မပါးကို အမေ ရိုက်ခဲ့တာတွေ ကျွန်မ မေ့မရခဲ့ဘူး။ မျက်ရည်အရွဲသားနဲ့ ဆရာမတို့ရဲ့ ကျေးဇူးကို မမေ့ရဘူးလို့ အမေက ဆိုတယ်။

"ဆရာမတွေက နင်တို့ကို ဂရုစိုက်လို့ နေ့လယ်စာ အခမဲ့စားနေရတာ. . . နင်ဘာဖြစ်လို့ သူများပိုက်ဆံ သွားခိုးရတာလဲ။ ဆင်းရဲပေမယ့် ဆင်းရဲတဲ့သိက္ခာ ကိုတော့ ထိန်းရမယ်။ ပိုက်ဆံကို ဘယ်မှာဖွက်ထားလဲ ပြောစမ်း။ မြန်မြန်ထုတ်ပေး လိုက် ဆရာမတွေ နင့်ကို ခွင့်လွှတ်လိမ့်မယ်"

"ကျွန်မ မယူဘူး။ ဘာဖြစ်လို့ ကျွန်မ မခိုးဘဲ ခိုးတယ်လို့ပြောကြတာလဲ" အသံထွက် ငိုရင်း ကျွန်မ အော်လိုက်တယ်။ အဲဒီနောက် ရုံးခန်းထဲကနေ ကျွန်မ ထွက်ပြေးလာခဲ့မိတယ်။ အဲဒီနေ့ ကျွန်မ အတန်းဆက်မတက်ခဲ့ဘူး။ အိမ်နားက လူသူမရှိတဲ့ တဲတစ်လုံးမှာ ကျွန်မ တစ်နေကုန် ပုန်းနေခဲ့တယ်။ ညရောက်မှ အိမ်ကို ကျွန်မ ပြန်ခဲ့တယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

နောက်တစ်နေ့မနက် ကျောင်းမသွားဘူးလို့ ငိုယိုပြီး ကျွန်မ ဆိုခဲ့ပေမယ့် အမေက ဇွတ်အတင်း လိုက်ပို့ခဲ့တယ်။ ကျွန်မကိုကြည့်တဲ့ ဆရာ၊ ဆရာမနဲ့ ကျောင်းသူကျောင်းသားတို့ရဲ့ အကြည့်က အရောင်ပြောင်းနေခဲ့တယ်။ ဒါပေမဲ့ ပိုက်ဆံပျောက်တဲ့အကြောင်း သူတို့ မပြောကြတော့ဘူး။ နောက်မှသိရတာက ပျောက်တဲ့ပိုက်ဆံကို အမေ သွားလျော်လိုက်တယ် ဆိုတာပါပဲ။ အမေရဲ့လုပ်ရပ်က ကျွန်မကို သူခိုးပါ ဆိုပြီး ဝန်ခံပေးသလို ဖြစ်နေခဲ့တယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး အမေ့ကို ကျွန်မ စကားမပြောဘဲ နေခဲ့တယ်။ ကျွန်မရင်ထဲမှာလည်း နာကျင်တဲ့ အဖုထုံးကြီးတစ်ခုလို အမြဲရှိနေခဲ့တယ်။

အခု ရီရီရဲ့ပိုက်ဆံပျောက်တဲ့ ကိစ္စက အရင်ကဖြစ်ပျက်ခဲ့တဲ့ အဖြစ်ပျက်ကို အသက်ပြန်သွင်းလိုက်သလိုပါပဲ။ ဒေါသစိတ်နဲ့ နာကြည်းမှုကို ကျွန်မ ထိန်းချုပ်လို့ မရခဲ့ဘူး။ ကျွန်မကိုကြည့်ခဲ့တဲ့ စုစုရဲ့အကြည့်ကြောင့် ဒီမဟုတ်မမှန်သတင်းက သူ့ဆီက ထွက်လာတယ်ဆိုတာကို ကျွန်မ သိလိုက်တယ်။

ကျောင်းသန့်ရှင်းရေးချိန်မှာ စုစုကိုခေါ်ပြီး စာသင်ဆောင်အပေါ်ထပ်ကို ကျွန်မတို့ တက်ခဲ့တယ်။

"အရေးကြီးတဲ့ ကိစ္စတစ်ခု နင့်ကို ငါပြောစရာရှိတယ် စုစု"

"အင်း. . . ပြောလေ. . . အခက်အခဲရှိရင် ငါ ကူညီမယ်"သူငယ်ချင်းကောင်း ပီသပုံနဲ့ စုစုက ဝမ်းသာအားရ ဆိုတယ်။ သူ့ပါးကို ကျွန်မ ရိုက်လိမ့်မယ်လို့ ထင်ထားပုံ မရခဲ့ဘူး။ သူ့ပါးကိုရိုက်၊ သူ့ကိုကန်ကြောက်ရင်း ကျွန်မ အော်ဟစ်မိတယ်။

"ငါ့ကို သူခိုးလို့ နင်ပြောဦးမလား. . . ပြောရဲသေးလား"

စုစုကို ထိုးကြိတ်ပြီးမှ ကျွန်မစိတ်က နေသာထိုင်သာ ရှိသွားတယ်။ နောက်ဆက်တွဲ ပြဿနာက စုစုမိဘတွေ ကျောင်းလိုက်လာပြီး ကျွန်မကို ရုံးခန်းခေါ်သွားခဲ့တယ်။ ဆရာမနဲ့ သူ့မိဘပြောစကားမှာ "ဒီကလေးက အိမ်ထောင်ကွဲမိသားစုကလေးပါ။ အဖေက မရှိ၊ အမေက စားဝတ်နေရေးအတွက် လုံးပမ်းနေရလို့ ကလေးတွေကို မထိန်းကျောင်းနိုင်ခဲ့ဘူး။ ဒီလိုအခြေအနေမျိုးမှာ ကလေးက စိတ်တိုလွယ်၊ ဆိုးလွယ်ခဲ့တယ်။

ပြစ်ဒဏ်ပေးမှာ၊ ရိုက်မှာကို ကျွန်မ မကြောက်ခဲ့ဘူး။ ကျွန်မ မိသားစုအကြောင်း ပြောမှာကို ကျွန်မ အကြောက်ဆုံးပဲ။ လူတွေရဲ့ အထင်အမြင်သေးတဲ့ အကြည့်၊ ကိုယ်ချင်းစာတဲ့အကြည့်ကို ကျွန်မ မလိုချင်ခဲ့ဘူး။ အဲဒီအကြည့်တွေက

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မက ပြုံကွဲတဲ့အိမ်ထောင်ကလာတဲ့ ကလေးလို့ အသိပေးနေသလိုပါပဲ။

"ဆရာမ သူ့မိဘကို အကြောင်းကြားလိုက်ပါ"

ကျောင်းအုပ်ကြီးရဲ့ စကားကိုကြားပြီး ဒုတိယအကြိမ် အိမ်ကနေထွက်ပြေးဖို့ ကျွန်မ ဆုံးဖြတ်လိုက်ပြန်တယ်။ အိမ်သာတက်မယ်ဆိုတဲ့ဆင်ခြင်နဲ့ ကျောင်းတံခါးဝကနေ ကျွန်မ ထွက်လာခဲ့တယ်။ တစ်ယောက်တည်း လမ်းမကြီးပေါ်မှာ ကျွန်မ လျှောက်သွားနေမိတယ်။ အမေတုတ်ကိုင်ပြီး ကျောင်းကို လိုက်လာမယ်၊ တစ်ဘက်မိဘကို မျက်ရည်စက်လက်နဲ့ တောင်းပန်မယ်ဆိုတာကို ကျွန်မ သိနေခဲ့တယ်။ ပြီးတော့ တစ်ခုလပ် သူ့ဘဝ ဘယ်လောက် သနားစရာကောင်းကြောင်း ပြောမယ်။ နောက်ဆုံး အားလုံးရဲ့နှစ်သိမ့်မှုကို ယူပြီး ကျွန်မကြောင့် သူ ဘယ်လောက် စိတ်ညစ်ရတယ်ဆိုတာကို ပြောမယ်။

"ဟာ. . . အားလုံးသွားသေလိုက်" လူတွေအားလုံးကို ကျွန်မ ကျိန်ဆဲပစ်လိုက်တယ်။

ဆိုင်တစ်ဆိုင်ရှေ့အရောက် ကောင်မလေးတစ်ယောက်က ကျွန်မကို လှမ်းခေါ်ပြီး အအေးတိုက်တယ်။ သူလည်း ကျွန်မနဲ့ ဘဝတူပါပဲ။ ဆရာမ၊ ကျောင်းသားတို့ရဲ့ အငြိုငြင်ကို ခံထားရသူ ဖြစ်တယ်။ မတူတာတစ်ခုက ကျွန်မက ဒုတိယအကြိမ် အိမ်က ထွက်ပြေးတာဖြစ်ပြီး သူက အကြိမ်မနည်းတော့ဘူး။ သူတစ်ခါ ထွက်ပြေးရင် ၁၀ ရက်၊ ၁ လ ကြာတတ်တယ်။ သူ့နာမည်က "ကြာဖြူ" လို့ ခေါ်တယ်။

"နင့်အိမ်ကလူတွေ နင့်ကိုမရှာဘူးလား" နားမလည်စွာ ကျွန်မ မေးမိတယ်။

"ပထမတစ်ခေါက်တော့ လိုက်ရှာကြတယ်။ နောက်ပိုင်း လိုက်မရှာကြတော့ဘူး။ အိမ်ကနေ ငါ ထွက်မပြေးရင် သူတို့အတွက် ပိုထူးဆန်းနေတတ်တယ်။ ဒါနဲ့ နင့်မှာ တည်းစရာ နေရာရှိလား"

သူ့အမေးကို ကျွန်မ ခေါင်းခါပြလိုက်တယ်။ ပထမတစ်ခေါက်လို မိုးချုပ်တာနဲ့ အိမ်ပြန်ဖို့ ကျွန်မ စိတ်ကူးလိုက်တယ်။

"လာ. . . ငါနဲ့ လိုက်ခဲ့။ လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်။ သူက အရမ်းသဘောကောင်းတယ်။ ငါအိမ်က ထွက်ပြေးတိုင်း သူ့ဆီသွားနေကျ. . . သူ့နာမည်က ကိုစိမ်းလို့ခေါ်တယ်"

ဒီလိုနဲ့ အသက်သုံးဆယ်ကျော် လေးဆယ်အရွယ် ခြေထောက်တစ်ဘက် မသန်ပေမဲ့ သဘောကောင်းတဲ့ လူကြီးတစ်ဦးကို ကျွန်မ သိခဲ့တယ်။ ကျောင်းစတိစုံ

mgyoe.com SAMPLE BOOK

ဝတ်ထားတဲ့ ကျွန်မကိုကြည့်ပြီး ကြာဖြူကို ကျွန်မအတွက် အင်္ကျီဝယ်ခိုင်းလိုက်တယ်။

"သူ ဒီလောက်လှတာ အင်္ကျီကို ခေတ်ဆန်ဆန်လေး ဝယ်ပေးလိုက်နော်"

ကိုစိမ်းအပြောကို ကျွန်မ ကျေးဇူးမတင်ဘဲ မနေနိုင်ခဲ့ပါဘူး။ ဒီအသက်အရွယ်ရောက်မှ လူတွေရဲ့ အဆင့်အတန်းမခွဲ ဆက်ဆံတာကို ကျွန်မ ခံရတယ်။

"ကျေးဇူးတင်ပါတယ်" ကျွန်မနှုတ်က ခပ်ဟဟလေး ထွက်သွားတယ်။

"သွား. . . မြန်မြန်သွား. . . ဒီလောက် မိန်းမဆန်စရာ မလိုပါဘူး"

"သူကို ကိုစိမ်းလို့ ငါတို့မခေါ်သင့်ဘူး။ သူ့အရွယ်က ငါတို့အဖေအရွယ်ဖြစ်နေပြီ။ သူ့ကို ငါတို့မွေးစားအဖေ ခေါ်သင့်တယ်"

ကြာဖြူကို ကျွန်မ တွေးမိတာလေး ပြောပြတော့ သူက ဘာမှပြန်မပြောဘဲ သိပ်ဂရုမစိုက်တဲ့ပုံစံနဲ့ ပခုံးတွန့်ပြလို့ ကျွန်မ ဆက်မပြောရဲခဲ့ဘူး။ ကုန်တိုက်ကအရာအားလုံးက ကျွန်မအတွက် ထူးခြားဆန်းသစ်လို့နေတယ်။ ကြာဖြူက ကျွန်မအတွက် ခပ်ဟော့ဟော့ စကပ်အင်္ကျီတစ်စုံ ဝယ်ပေးတယ်။ ဝယ်ထားတဲ့ဝတ်စုံကိုလဲဝတ်ပြီး ကုန်တိုက်တစ်ပတ်ပတ်ဖို့ ကြာဖြူကို ကျွန်မ ပူဆာလိုက်တယ်။ ကိုစိမ်းဆီကြာဖြူ ဖုန်းဆက် အကြောင်းကြားပြီးနောက် ကျွန်မတို့ ဂိမ်းသွားကစားတယ်။ အစားတွေ ဝယ်စားတယ်။ ညအထိ လည်ပတ်ပြီးမှ ကိုစိမ်းနေအိမ်ကို ကျွန်မတို့ပြန်လာခဲ့တယ်။ အိမ်မှာ ကျွန်မတို့အတွက် သူ ခေါက်ဆွဲချက်ထားသေးတယ်။ ရေဘဝဲနဲ့ ချက်ထားတာကြောင့် အဲဒီခေါက်ဆွဲကို ကျွန်မ မကြိုက်ဘူး။ ဒါပေမဲ့အားနာတာနဲ့ ကျွန်မ စားလိုက်မိတယ်။ ခေါက်ဆွဲစားပြီးနောက် အဲဒီည ဘာတွေဖြစ်ခဲ့သလဲဆိုတာကို ကျွန်မ ကောင်းကောင်းမမှတ်မိခဲ့ဘူး။ ကျွန်မကို ကြာဖြူတွဲပြီး အပေါ်ထပ်တက်သွားတာပဲ မှတ်မိလိုက်တယ်။ နိုးလာမှ ကိုစိမ်းရဲ့အစော်ကားကို ကျွန်မ ခံလိုက်ရပြီဆိုတာ သိလိုက်ရတယ်။

အစော်ကားခံရတဲ့ ခံစားချက်က ဘယ်လိုခံစားချက်မျိုးလဲဆိုတာ ကျွန်မပြောမတတ်ခဲ့ဘူး။ စစချင်းမှာ ကျွန်မ ငိုမိတယ်။ အမေကို ကျွန်မ ဘယ်လိုပြောရမလဲ။

ကိုစိမ်းရဲ့နှစ်သိမ့်မှုအောက်မှာ ကျွန်မ မငိုတော့ဘူး။ စိတ်ထဲမှာလည်းလူတွေက ကျွန်မကို ဆိုးတယ်လို့ ယူဆနေမှတော့ ကျွန်မလည်း ခပ်ဆိုးဆိုးနေပြဖို့တွေးလိုက်မိတယ်။ အဲဒီနောက် ကိုစိမ်းနဲ့ ကျွန်မ အတူနေခဲ့တယ်။ ကျွန်မအပေါ်သူ အရမ်းကောင်းပါတယ်။ အဝတ်အစား၊ အသုံးအဆောင်တွေ ဝယ်ပေးသလိုပိုက်ဆံတွေလည်း ပေးတယ်။ ကျွန်မက သူနဲ့ ကျွန်မ မကြိုက်ဆုံးအလုပ်ကို လုပ်ရုံ

mgyoe.com

mgyoe.com SAMPLE BOOK

ပါပဲ။ ကျွန်မ နိုးလာတုန်းက မတွေ့တော့တဲ့ ကြာဖြူကို သုံးရက်အကြာမှာ အိမ်ပြန်လာတာတွေ့တယ်။ ဒီတစ်ခေါက် သူနဲ့အတူ ကောင်မလေးတစ်ယောက် ပါလာပြန်တယ်။ ပြန်လာတာနဲ့ သူကြားခဲ့တဲ့ ကျွန်မသတင်းကို ဖောက်သည်ချတယ်။ ကျွန်မကို အမေက လူပျောက်တိုင်လိုက်ပြီလို့ ဆိုပါတယ်။ ကိုစိမ်းက ကျွန်မကို ချက်ချင်း အိမ်ပြန်ခိုင်းတယ်။ အိမ်မပြန်ရင် အားလုံးဒုက္ခရောက်ကုန်နိုင်တယ်လို့ ပြောပါတယ်။

"နောက်ပိုင်း ငါ့ဆီ အချိန်မရွေးလာလို့ ရတယ်။ တကယ်လို့ နင့်သူငယ်ချင်းတွေ အိမ်နဲ့အဆင်မပြေဖြစ်ပြီး အိမ်မပြန်ချင်ရင် ဒီကိုခေါ်လာနိုင်တယ်"

ကိုစိမ်းက ပြောပြီးတာနဲ့ ကျွန်မကို ငွေတချို့ ထိုးထည့်ပေးတယ်။ ကြာဖြူခေါ်လာတဲ့ ကောင်မလေးကို ကျွန်မ တစ်ချက်ကြည့်လိုက်မိတယ်။ ကျွန်မအဖြစ်နဲ့ အတူတူပါပဲ။ ဒီလောကမှာ ကျွန်မလို သနားကမား သတ္တဝါတွေ အများကြီး ရှိနေပါလား။

အိမ်ရောက်တော့ ကျွန်မ ဝတ်စားထားတာကို ကြည့်ပြီး အမေလန့်သွားတယ်။ ဒီရက်တွေမှာ ကျွန်မ စားသောက်ဆိုင်တစ်ဆိုင်မှာ အလုပ်လုပ်ကြောင်း၊ သူဌေးက ကျွန်မတို့ အိမ်အခြေအနေကို သိပြီး ကိုယ်ချင်းစာသနားလို့ ပိုက်ဆံတွေ ပိုပေးခဲ့ကြောင်း အမေကို ကျွန်မ လိမ်လိုက်တယ်။ အမေက သက်ပြင်းတစ်ချက်ချပြီး "အင်း. . . လူတွေကို အမေတို့ ပေးဆပ်စရာတွေ များလွန်းနေပြီ၊ သူတို့ကို ပြန်ကျေးဇူးဆပ်ဖို့ မမေ့နဲ့နော်" လို့ ကျွန်မကို မှာတယ်။

ကျွန်မရဲ့ အလိမ်အညာတွေက ကျွန်မ ဘယ်ပျောက်သွားတယ်ဆိုတာကို ချေပနိုင်ခဲ့သလို အမေ့ကိုလည်း ပိုက်ဆံတွေ ပေးနိုင်ခဲ့တယ်။ အဓိကက ကျောင်းပိတ်ရက်တိုင်း ကိုစိမ်းဆီ ကျွန်မ သွားနိုင်ခဲ့တယ်။ ခါတိုင်းလိုပဲ ကျောင်းကို ကျွန်မ ပုံမှန်သွားခဲ့ပေမယ့် ကျွန်မ ပြောင်းလဲသွားခဲ့ပြီ။ ကျောင်းသားအလိမ္မာတွေက ကျွန်မနဲ့ ခေါ်ပြောဆက်ဆံမှု ကင်းသွားတယ်။ ကျောင်းသားဆိုးလို့ လူတွေ တံဆိပ်ခတ်ထားသူတွေသာ ကျွန်မနဲ့ ပြောဆိုကြတယ်။ ဒါတွေကို ကျွန်မ ဂရုမစိုက်ခဲ့ပါဘူး။ အရင်လို ရိုးသားဖြူစင်တဲ့ ကျောင်းသားဘဝကို ကျွန်မ ပြန်မရနိုင်တော့ဘူးဆိုတာ ကျွန်မလည်း သိတယ်။ ဆိုးမယ်၊ တေမယ်. . . ဒါတွေက ကျွန်မရဲ့သိမ်ငယ်စိတ်နဲ့ ပိုလိုက်ဖက်ခဲ့ပါတယ်။

မျှော်လင့်မထားတာတွေ ဖြစ်ပျက်လာမယ်လို့ ဘယ်သူမှ ထင်မထားခဲ့ပါဘူး။ တခြားလူကို အမြဲအနိုင်ယူတဲ့ စုစုတစ်ယောက် စာမေးပွဲအဆင့်တွေကျပြီး

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်မနဲ့တန်းတူ ဖြစ်သွားခဲ့တယ်။ အဲဒီအတွက် သူ့အဖေက သူ့ကို ကောင်းကောင်း ရိုက်နှက် ဆုံးမခဲ့တယ်။ အဲဒီရိုက်ချက်ကြောင့် စုစု ပိုဆိုးသွားပြီး ကျွန်မနဲ့ ပေါင်းမိသွားတယ်။ အဖေကို သူ စပြီး ဆန့်ကျင်လာခဲ့တယ်။ စုစုအမှတ်မကောင်းတာကို အကြောင်းပြပြီး သူ့အဖေက သူ့အမေကို ဆူပူကြိမ်းမောင်းကြောင်း၊ အပြင်မှာ အငယ်အနှောင်းထားပြီး အဖေ အိမ်မပြန်ကြောင်း၊ အိမ်ပြန်ရင်လည်း ရန်ရှာ ရိုက်နှက်ကြောင်း ကျွန်မကို ပြောပြတယ်။ စုစုကို နှစ်သိမ့်ရင်း စိတ်ထဲမှာလည်း "ဒီလိုနေ့ရက်မျိုး နင် ကြုံရပြီပေါ့" လို့ ကျွန်မ ထောပနာပြုမိတယ်။

ကျွန်မရဲ့နှစ်သိမ့်ပေးမှုကြောင့် ကျွန်မအနားက စုစု မခွာခဲ့တော့ဘူး။ သူ့အမှတ်တွေ ပိုကျလာခဲ့တယ်။ ကျွန်မတို့နှစ်ယောက် စာထဲ စိတ်ဝင်စားသူတွေ မဟုတ်လို့ အမှတ်ကောင်းနဲ့ မအောင်ခဲ့ကြဘူး။ အမှတ်မကောင်းတဲ့အတွက် ကျွန်မနဲ့ စုစု ရိုးရိုးကောလိပ်ကျောင်းပဲ ရွေးခဲ့ရတယ်။

ကျွန်မ ကျောင်းရွေးတာနဲ့ ပတ်သက်ပြီး အမေက ဘာမှ မကန့်ကွက်ခဲ့ဘူး။ "စားသောက်ဆိုင်" က ရတဲ့ငွေကြောင့် ကျွန်မကို ကျောင်းပြီးတာနဲ့ အမေက အလုပ်လုပ်စေချင်ခဲ့တယ်။ ဒါပေမဲ့ စုစုအဖေက ကျွန်မအမေနဲ့ မတူပါဘူး။ သူ ရွေးခဲ့တဲ့ ကောလိပ်ကို သဘောမတူလို့ သူ့ကို ရိုက်နှက်ခဲ့တယ်။

"ငါ အိမ်မပြန်ချင်ဘူး၊ အိမ်က ထွက်ပြေးချင်တယ်" လို့ စုစုပြောတော့ ကိုစိမ်းကို ကျွန်မ ချက်ချင်း သတိရလိုက်မိတယ်။

စာမေးပွဲအပြီး ကျောင်းလေ့လာရေးခရီး ၃ ရက်မှာ ကျွန်မတို့ အိမ်က ထွက်ပြေးဖို့ စီစဉ်ခဲ့ကြတယ်။ ဒီခရီးက ကျွန်မအတွက် မဆန်းတော့ပေမယ့် စုစုက ဝမ်းသာမဆုံး ဖြစ်နေခဲ့တယ်။ ဒါကို သူငယ်ချင်း လွင်လွင် သိတော့ သူလည်း ကျွန်မတို့နဲ့အတူ လိုက်ချင်ကြောင်း ပြောတယ်။ သူ့ကိုမလိုက်ဖို့ တားပေမယ့် အရာမရောက်ခဲ့ဘူး။ ကျွန်မစိတ်ထဲမှာ လွင်လွင်ကို ဘယ်သူမှ မထိစေရဘူးလို့ ဆုံးဖြတ်လိုက်တယ်။ သူဟာ ကျွန်မရဲ့ အကောင်းဆုံး သူငယ်ချင်းဖြစ်နေလို့ပါပဲ။

သရုပ်ဆောင်သူတွေသာ ပြောင်းသွားတယ်၊ အဖြစ်အပျက်က အရင်ပုံစံအတိုင်းပဲ။ ခေါက်ဆွဲစားချိန် ကျွန်မ မစားဘဲ ဖုန်းပြောသယောင် တမင်ဟန်ဆောင်ခဲ့တယ်။ သူတို့အားလုံးစားပြီးမှ ခေါက်ဆွဲကို ပါးစပ်ထဲ ထိုးထည့်ရင်း "ဟင်း. . . ဒီခေါက်ဆွဲ အနံ့မကောင်းဘူး" ဆိုပြီး ကျွန်မ မစားတော့ဘူး၊ စုစုနဲ့ လွင်လွင်ကို အိပ်ခန်းထဲထိ ကျွန်မ လိုက်ပို့လိုက်တယ်။ အိပ်ခန်းထဲတောင် မရောက်သေးပါဘူး သူတို့နှစ်ယောက် မူးနှောက်နေပြီ။ ကျွန်မလည်း အော့အန်ချင် ဟန်ဆောင်နေ

mgyoe.com

mgyoe.com SAMPLE BOOK

လိုက်တယ်။ မကြာပါဘူး. . . သူတို့နှစ်ယောက် အိပ်ပျော်သွားတဲ့အချိန် ကိုစိမ်းကို ကျွန်မ တံခါးဖွင့်ပေးလိုက်တယ်။

"လွင်လွင်က ကျွန်မ သူငယ်ချင်းနော်၊ သူ့ကို မထိပါနဲ့။ သူ့ကို ထိရင်နောက်ထပ် ဘယ်တော့မှ ကျွန်မ မလာတော့ဘူး"

လေးလေးနက်နက် ပြောလိုက်တဲ့ ကျွန်မစကားကို ကိုစိမ်းက. . .

"စိတ်ချပါ၊ ငါ မထိဘူး။ ငါဘယ်သူ့ကိုမှ မထိဘူး။ တအောင့်နေငါ့သူငယ်ချင်း လာလိမ့်မယ်။ ဒီတစ်ယောက် သူ့ကိုပေးလိုက်မယ်"

ကိုစိမ်းပြောအပြီး ခန့်မှန်းထားသလိုဖြစ်ခဲ့လို့ မျက်လုံးပြူးသွားတဲ့အထိ ကျွန်မ အံ့ဩမိတယ်။

"နင် လုပ်တာ အရမ်းကောင်းတယ်။ နောက်ဆိုရင် လူတွေခေါ်လာခဲ့ဦး။ နင့်ဆုကြေးငွေ မလျော့စေရဘူး"

ကျွန်မကို ကိုစိမ်း ညာမပြောခဲ့ပါဘူး။ သူ့သူငယ်ချင်းက သူ့ကို ငွေတစ်ထပ်ကြီး ထုတ်ပေးလိုက်တယ်။ ကိုစိမ်းက ကျွန်မကို ၃၀၀၀ လှမ်းပေးတယ်။ အခန်းအပြင်မှာ ကိုစိမ်းနဲ့ ကျွန်မ စောင့်နေခဲ့တယ်။ ကျွန်မစိတ်ထဲမှာတော့ လူတွေကို ဘယ်လိုဇာတ်လမ်းဆင်ပြီး လိမ်ညာရမလဲဆိုတာကို ကြံစည်တွေးတောနေမိတယ်။ စုစုကို စော်ကားပြီး အခန်းထဲက ကိုစိမ်းသူငယ်ချင်း ထွက်လာတော့ ကျွန်မ အတော်လေး ကျေနပ်သွားခဲ့တယ်။ လူတွေကို လိမ်ရတာ သိပ်ခက်ခဲတဲ့ အလုပ်တစ်ခု မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ကလေးဆိုးတစ်ယောက် ဖြစ်နေလို့ပါပဲ။

❑

## နောက်ဆက်တွဲ

ကျွန်မတို့ရှေ့မှာ မေ အေးစက်စက်ထိုင်နေပြီး လေ့လာရေးခရီးမှာ သူတို့ဘယ်သွားခဲ့တယ်ဆိုတာကို ပြောပြနေတယ်။ သူ့အတန်းပိုင်ဆရာမက သူပြောသမျှကို ယုံကြည်ပေမယ့် သူ့စကား အသွားအလာကြားမှာ သဲလွန်စတချို့ကို ကျွန်မ တွေ့ခဲ့တယ်။ စကားနှိုက်မေးမှ လေ့လာရေးခရီးစဉ်အကြောင်း သူဇာတ်လမ်းဆင် ပြောနေတယ်ဆိုတာ သိရတယ်။

"ဘာဖြစ်လို့ ဆရာမကို လိမ်ရတာလဲ။ သမီးအတွက် နေ့လယ်စာ အခမဲ့ လျှော့ပေးရ၊ ထောက်ပံ့ကြေး လျှော့ပေးရနဲ့ ဘာဖြစ်လို့ ဆရာမကို လိမ်ရက်တာလဲ"

အတန်းပိုင်ဆရာမက ဒေါ်နဲ့မောနဲ့ပြောပြီး ထွက်သွားခဲ့တယ်။ မေရဲ့ပုံစံက

mgyoe.com

mgyoe.com SAMPLE BOOK

အေးတိအေးစက်နဲ့ ပါးစပ်စွန်းလေး ကွေးရုံ ပြုံးတယ်။ အဲဒီအပြုံးထဲမှာ အားရမှုနဲ့ ကြေကွဲမှုတွေ ပါနေတယ်။ ကြမ်းပြင်ကို သူ စိုက်ကြည့်နေတယ်။ ငယ်ရွယ်နုပျိုတဲ့ သူ့မျက်နှာပေါ်မှာ ပြောမပြတတ်တဲ့ ခံစားမှုတွေ ထင်ဟပ်နေတယ်။ ကြုံတွေ့ခဲ့တဲ့ နာကျင်ဝမ်းနည်းမှုတွေကို သူ သိုဝှက်ပြီး လူတွေရှေ့မှာ ဘာမှ မဖြစ်သလို ဟန်ဆောင်နေမှန်း ကျွန်မ သိတယ်။ လူတွေရဲ့သနားကြင်နာစိတ်ကို သူ ပယ်ဖျက်နေခဲ့တယ်။ သူ့ အလိမ်ညာကို ကျွန်မ ဖောက်ထွင်းမြင်ခဲ့တာတောင် သူက ဘာမှ ဂရုမစိုက်တဲ့ပုံစံနဲ့၊ ဒီကိစ္စက ဥပဒေနဲ့ မကင်းဘူးဆိုတာတောင် ကြောက်ရွံ့မှုကို စိတ်ထဲမှာပဲ သူ ဖုံးဖိထားခဲ့တယ်။ စိတ်ထဲက နာကျင်၊ ပျော်ရွှင်မှုတွေ သူတစ်ခုမှ ထုတ်ပြခဲ့ဖူးပုံ မရခဲ့ဘူး။

သူ့ကို ကျွန်မ စိုက်ကြည့်ပြီး သူရင်ထဲက ခံစားချက်တွေ ဖွင့်အန်လာအောင် ဘယ်လိုလုပ်ရမှန်း မသိခဲ့ဘူး။ ရုံးခန်းမှာရှိတဲ့ ပန်ကာမြည်သံက ကျွန်မ ခေါင်းထဲက မေးခွန်းတွေနဲ့ ရောထွေးလို့နေတယ်။ ကစားကွင်းက ဘောလုံးကစားနေတဲ့ ကျောင်းသားတချို့ရဲ့ ရယ်သံကို ကျွန်မ ကြားလိုက်တယ်။ ကျောင်းအပြင်လမ်းမပေါ် ကြော်ငြာကားဆီက လွင့်လာတဲ့အသံကို ကျွန်မ ကြားလိုက်တယ်။ ဒါပေမဲ့ ကျွန်မ စိတ်ထဲက အသံကို ကျွန်မ ပြန်မကြားမိဘူး။ ကျောင်းသားတွေကို အမြဲ ပုံပြော ဆုံးမခဲ့တဲ့ ကျွန်မက အခုတော့ စကားလုံးတွေ ပျောက်နေခဲ့တယ်။ မေရဲ့ အတွေ့အကြုံက အမြဲအဆင်ပြေချောမွေ့ခဲ့တဲ့ ကျွန်မအတွက် ဘယ်လိုမှ မဖြေရှင်းတတ်ခဲ့ဘူး။ နောက်ပြီး မေ. . . အသက်က ခုမှ ၁၅ နှစ်ပဲ ရှိသေးတယ်။

ဖြေရှင်းဖို့ ကျွန်မ တွေဝေနေချိန် မေက လက်နှစ်ဖက်ကို ဒူးပေါ်တင်ပြီး ပွတ်သပ်နေတာကို တွေ့လိုက်တယ်။ တကယ်တော့ သူလည်း မသိစိတ်က ကြောက်ရွံ့ထိတ်လန့်နေမှန်း သိသာနေပါတယ်။ သူ့ကို စကားလုံးတွေနဲ့ ဖြေရှင်းစရာ မလိုဘူးဆိုတာ ရုတ်တရက် ကျွန်မ နားလည်လိုက်တယ်။ သူ့ဘေးမှာ ကျွန်မ ကပ်ထိုင်ပြီး သူ့လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်တယ်။ လက်ကို သူ ဆက်မပွတ်တော့ပေမယ့် ခေါင်းမော့ မလာခဲ့ဘူး။ တအောင့်နေတော့ သူ့ပါးပေါ်ကမျက်ရည်တွေ ကျွန်မ လက်ဖမိုးပေါ် စီးကျလာတယ်။ အံကြိတ်ပြီး ငိုသံမထွက်အောင် သူ ကြိုးစားပေမယ့် လည်ပင်းမှာ တစ်ဆို့နေတဲ့ ရှိုက်သံနဲ့ တုန်လှုပ်နေတဲ့ ပခုံးကို ကျွန်မတွေ့လိုက်တယ်။ နာကျင်စိတ်မကောင်းစွာနဲ့ သူ့ကိုကျွန်မ ပွေ့ထားချင်ပေမယ့် သူ့အပွေ့ခံမှာမဟုတ်မှန်း ကျွန်မ သိတယ်။ အိတ်ကပ်ထဲက တစ်ရှူးကို ထုတ်ပြီး သူ့ကို ကျွန်မ လှမ်းပေးလိုက်တယ်။

mgyoe.com